ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ ကုန်းသာအုပ်စု၊ ဆောင်ကန်းကျေးရွာ


# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၇ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၈ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၉ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၀ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၁ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၂ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၃ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၄ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၆ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၇ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၈ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၁၉ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၀ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၅ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၆ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၇ |
| ၂၄။ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၈ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၀ |

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
စကေး - ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း


ကုန်းသာကျေးရွာအုပ်စုမြေပုံ
N
လယ်ကွင်း
ရည်ညွှန်းချက်
ကျေးရွာနယ်နိမိတ်မျဉ်း
ဆေးခန်း
ဈေး

# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | ကုန်းသာ | ပီကင်းကောရူ | |
| ၂။ | | ပ့ါရီကောရူ | |
| ၃။ | | ဆောင်ကန်း | |
| ၄။ | | ကုန်းသာ | |
| ၅။ | | ဂါဆောင် | |
| ၆။ | | သရက်ပင် | |
| ၇။ | | | |
| ၈။ | | | |
| ၉။ | | | |
| ၁၀။ | | | |
| ၁၁။ | | | |
| ၁၂။ | | | |
| ၁၃။ | | | |
| ၁၄။ | | | |
| ၁၅။ | | | |
| ၁၆။ | | | |
| ၁၇။ | | | |
| ၁၈။ | | | |
| ၁၉။ | | | |
| ၂၀။ | | | |

**လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ပထမနှစ်စီမံကိန်းမိတ်ဆက်အစည်းအဝေး**

**(၂၀၁၇ -၂၀၁၈) ခုနှစ်**

ကျေးရွာအုပ်စုအမည် - **ကုန်းသာအုပ်စု** ကျေးရွာအမည် - **ဆောင်ကန်း** ရက်စွဲ-၁.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းကြောင်း**

ဆောင်ကန်း (ကယား )ရွာသည် (၁၉၇၅)ခုနှစ် ၊ ဇန်နဝါရီလ (၅)ရက်နေ့တွင် ရှမ်းပြည်နယ် ၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု ၊ဆောင်ကန်း(ရှမ်း)ရွာမှ ပြောင်းရွှေ့ နေထိုင်ခဲ့သော ကျေးရွာ ဖြစ်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသား များသည် (၁) လမ်းပန်းဆက်သွယ်ရေး (၂) စီးပွားရေး (၃) လူမှုရေး အခြေအနေအကြောင်းအမျိုးမျိုးတို့ကြောင့် လွိုင်ကော် ၊အောင်ပန်း လမ်းဘေး ယခုလက်ရှိ နေရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ ဆောင်ကန်းရွာ၌ အတည်တကျ နေထိုင်နိုင်ရေးနှင့် စနစ်တကျဖြစ်စေရေး အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော ကယားပြည်နယ် ၊လွိုင်ကော်မြို့၊ ဦးပြည်မောင်စိုး (ယဉ်ကျေးမှုဦးစီးဌာန၊ဦးစီးအရာရှိ ) နှင့် ဦးဘီပျန် (သီဟာဗလ )၊ ကုန်းသာကျေးရွာအုပ်စုမှ ဦးတို့နှင့် ဦးလှမန်၊ ဂါဆောင်ရွာမှ ဦးမောင်လုံးတို့သည် ကျေးရွာ၏ ဦးစီးဦးဆောင် အကျိုးဆောင်ပုဂ္ဂိုလ်များ ဖြစ်ကြ သည်။ (၁၉၇၅)ခုနှစ် ဇန်နဝါရီလ (၁၅)ရက်နေ့တွင် သာသနာဆရာဦးခိုင်ဦးဆောင်၍ နောက်လိုက်ပါ အိမ်ထောင်စု (၁၁)စုဖြင့် ဆောင်ကန်း(ရှမ်း)ရွာမှ ပြောင်းရွှေ့နေထိုင်လာခဲ့ပြီး ယခုဆောင်ကန်း(ကယား) သို့ အတည်တကျ နေထိုင် နေထိုင်ခဲ့ပါသည်။

ဆောင်ကန်း(ကယား)စတင်တည်ထောင်စဉ်က ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးအချို့ ဦးစွာ ရောက်ရှိ နေထိုင်ခဲ့ကြပြီးဖြစ်သော်လည်း နောက်ပိုင်းတွင် ရောက်ရှိနေထိုင်ကြသော ကယန်း လူမျိုးများမှာ - ခရစ်ယာန်ဘာသာဝင်များဖြစ်၍ ဝတ်ပြုကိုးကွယ်နိုင်ရန်အတွက် ယခင်က ယာယီဘုရားရှိုးခိုးကျောင်း ဆောင် တစ်ဆောင်ကို ဆောက်လုပ်ခဲ့ကြပါသည်။

ကျေးရွာနေ ရွာသူ/ရွာသားများသည် လယ်ယာလုပ်ငန်းကိုသာ အေးချမ်းစွာ လုပ်ကိုင် စားသောက် လျက်ရှိကြပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဦးကာပြေလယ်

ရာထူး - လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/Resource Map) | ၂၀၁၂.၁၀.၂၀ | ရပ်မိ၊ရပ်ဖ ကော်မတီဝင်များ | ၂၄ | ၃၆ | ၆၀ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၀၁၂.၁၀.၂၀ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၂၄ | ၃၆ | ၆၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားမျးနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀၁၂.၁၀.၂၀ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၄ | ၃၆ | ၆၀ | အမျိုးသမီးနှင့် အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့)အရင်းအမြစ် များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၀၁၂.၁၀.၂၀ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၄ | ၃၆ | ၆၀ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၁၂.၁၀.၂၀ | အမျိုးသား၊ အမျိုးသမီးများ | ၂၄ | ၃၆ | ၆၀ | အမျိုးသား၊အမျိုးသမီးများဘတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၂၀၁၂.၁၀.၂၀ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၂၄ | ၃၆ | ၆၀ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

# ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း

မြို့နယ် - လှိုင်ကော်     ကျေးရွာအုပ်စု- ကုန်းသာအုပ်စု     ကျေးရွာ- သရက်ပင်     ရက်စွဲ - ၁၂/၁၀/၂၀၁၇




ပါဝင်ဆွေးနွေးသူ -                                   မှတ်တမ်းတင်သူ

ကျား -၃၄                                   အမည် ဦးကာဖြေးလယ်

မ -၁၈                                   ရာထူး လူထုစည်းရုံးရေးမှူး

## လူမှုရေးမြေပုံအရင်းအမြစ်သုံးသပ်ချက်

ဆောင်ကန်းကျေးရွာသည် အိမ်ခြေစုစုပေါင်း (၉၆)အိမ်ရှိပါသည်။ အိမ်ခြေ(၉၆) အိမ်ရှိသည့်အနက် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၆)စုရှိပါသည်။ ဆောင်ကန်းကျေးရွာနေလူထုများသည် တောင်ယာ၊ လယ်ယာ အလုပ်လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ တစ်ရွာလုံးနီးပါး အိမ်ထောင်စုပေါင်း (၈၂)အိမ်က ခရစ်ယာန်ဘာသာကိုယုံကြည်ကိုးကွယ်ကြပြီး အိမ်ထောင်စုအနည်းငယ် (၁၄)အိမ်က ဗုဒ္ဓဘာသာကိုယုံကြည်ကိုးကွယ်ကြပါသည်။

ရွာတွင်းတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် အချိန်မှီကုသမှုမရှိခြင်း ၊ ကျန်းမာရေးကုသရန် နောင့်နေးအချိန်ကြန့်ကြာမှုနှင့် ကြုံတွေ့ရပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးများ၏ ကျန်းမာရေးဆိုင်ရာ ကာကွယ်ဆေးထိုးခြင်း ၊ပေါင်ချိန်ခြင်းများကို မိမိကျေးရွာအတွင်း ဆေးပေးခန်းမရှိ သောကြောင့် ဂါရီကောခူကျေးရွာဆေးခန်းသို့ သွားရောက်ရပါသည်။ ဆောင်ကန်းကျေးရွာတွင် အမက ကျောင်းရှိပြီး ပညာသင်ကြားပေးသော ဆရာ/ဆရာမများလည်းလုံလောက်စွာရှိပါသည်။ အမက ကျောင်း အောင်မြင်ပြီးဆုံးပါက အလယ်တန်း ၊ အထက်တန်းတက်ရောက် ပညာဆည်းပူးမှုလိုအပ်သော ကျောင်းသား/ကျောင်းသူ များသည် ကုန်းသာကျေးရွာ အ.ထ.က ကျောင်းခွဲသို့ တက်ရောက်ကြပါသည်။ တစ်ချို့က တခြားသောမြို့ကျောင်းသို့ သွားရောက် အထက်တန်းပညာကို သင်ယူကြပါသည်။ ထိုသို့ သား/သမီးများကျောင်းထားရသည့်အတွက် ငွေကြေးတတ်နိုင်သော အိမ်ထောင်စုရှိသလို ငွေကြေး မတတ်နိုင်၍ အကြွေးယူကာ သား၊သမီးကို ကျောင်းထားရသော အိမ်ထောင်စုများလည်း ရှိပါသည်။

ဆောင်ကန်းကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းများကြသောကြောင့် မိုးရွာသီတွင် ကျောင်းသား/ကျောင်းသူများအတွက် သော်လည်းကောင်း တောင်သူလယ်သမားများအတွက် သော် လည်းကောင်း အချိန်ကြန့်ကြာပြီး ခက်ခဲစွာသွားလာရပါသည်။ နွေရာသီချိန်တွင် ရေခမ်းခြောက်သဖြင့် သောက်သုံးရေ မလုံလောက်သော အိမ်ထောင်စအချို့ရှိပါသည်။ ၎င်းတို့က ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဌာနက တူးဖော်ပေးထားသော အများဆုံး ရေတွင်းသို့ သောက်သုံးရေများ သွားရောက် ခပ်ယူ အသုံးပြုကြရပါသည်။

ရာသီဥတုဖောက်ပြန်သောနှစ်များ နှင့် ကြုံတွေ့လျှင် စိုက်ပျိုးရေးလုံလောက်မှု မရှိပါ။ ထို့အပြင် သီးနှံများ အပေါ် ပိုးကျသောကြောင့် သီးနှံအထွက်နည်းပြီး ဝင်ငွေပါ ထိခိုက်လာပါသည်။ အကယ်လို့ များ စိုက်ပျိုးရေးလည်းလုံလောက်ပြီး စိုက်ပျိုးရေး နည်းပညာသိရှိနားလည်ပါက သီးနှံအထွက်တိုးကာ စီးပွားရေး အဆင်ပြေမည်ဟု ယုံကြည်ပါသည်။ အလုပ်တည်မြဲမှု မရှိခြင်း ၊ ပုံမှန် ဝင်ငွေမရှိခြင်းကြောင့် စားဝတ်နေရေး အဆင်မပြေသော အိမ်ထောင်စုများ လည်းရှိပါသည်။

## ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

**မြို့နယ် -လှိုင်ကော် ကျေးရွာအုပ်စု-ကုန်းသာ ကျေးရွာ-ဆောင်ကန်း ရက်စွဲ-၁၅.၁၀.၂၀၁၇**

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေးအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊ထော်လဂျီ ၊လယ်(၆)ကေအထက် ၊ တောင်ယာ (၃)ကေ ၊နွား (၅)ကောင်အထက် ၊ ဆိုင်ကယ် (၂)စီးအထက် | ၁၅ အိမ် | ၁၅.၅% |
| အလယ်အလတ် | လယ်(၃)ကေအထက် ၊တောင်ယာ (၁)ကေ အထက်၊ ထော်လဂျီ ၊နွား (၁)ကောင်အထက် ၊ ပျဉ်ထောင်အိမ် ၊ဆိုင်ကယ် (၁)စီးအထက် | ၃၉ အိမ် | ၄၀.၅% |
| ဆင်းရဲ/နွမ်းပါး | ထရံအိမ် ၊တောင်ယာ (၁)ကေ ၊ လယ်မရှိ ၊ တစ်ချို့တောင်ယာလည်းမရှိ ၊ ဆိုင်ကယ်(၁)စီး | ၄၂ အိမ် | ၄၄% |
| စုစုပေါင်းအိမ်ထောင်စု | | ၉၆ အိမ် | ၁၀၀ % |

ပါဝင်ဆွေးနွေးသူ

ကျား- ၂၄ဦး

မ- ၃၆ဦး

**မှတ်တမ်းတင်သူ**

အမည် - ဦးကာပြေလယ်

ရာထူး - လူထုစည်းရုံးရေးမှူး

# ဥစ္စာခနေကြွယ်ဝမှုအားသုံးသပ်ခြင်း

အိမ်ခြေ (၉၆)အိမ်ရှိသော ဆောင်ကန်းကျေးရွာသည် ဥစ္စာခနေကြွယ်ဝမှုကို အဆင့်(၃)ဆင့် ဖြင့် သတ်မှတ်ထားကြပါသည်။ ချမ်းသာအဆင့် အိမ်ခြေ(၁၅)အိမ် ၊အသင့်အတင့် အဆင့်အိမ်ခြေ (၃၉) အိမ် နှင့် နွမ်းပါးအဆင့် အိမ်ခြေ (၄၂)အိမ်ရှိပါသည်။












ချမ်းသာအဆင့်၏ သတ်မှတ်ချက်မှာ တိုက်အိမ် ၊ထော်လဂျီ ၊လယ်(၆)ကေအထက် ၊ တောင်ယာ(၃)ကေ ၊နွား (၅)ကောင်အထက် ၊ဆိုင်ကယ်(၁)စီးမှ (၂)စီး ၊ကလေးများ ကျောင်းထား နိုင် ၊ ချွေးစက်၊ ကား ၊ ပုစဉ်းခေါင်း ၊ TV တို့ကို ပိုင်ဆိုင်ထားသော အိမ်ထောင်စုများ ဖြစ်ပါသည်။

အလယ်အလတ် အသင့်အသင့်အဆင့်၏ သတ်မှတ်ချက်မှာ လယ်(၂)ကေအထက် ၊ တောင်ယာ(၁)ကေအထက် ၊ ထော်လဂျီ ၊နွားတစ်ကောင်အထက် သစ်သားပျဉ်ထောင်အိမ် အများအားဖြင့် TVရှိ ၊ တစ်ချို့အိမ်ထောင်စုက လုံလောက်သောငွေကြေးဖြင့် သား၊သမီး ပညာရေး ပေးနိုင်ပြီး တစ်ချို့သော သူများမှာ အကြွေးဖြင့်သာ  သား၊သမီးကို ကျောင်းထားသော အိမ်ထောင်စုများရှိပါသည်။

နွမ်းပါးအဆင့်၏ သတ်မှတ်ချက်မှာ လယ်ယာမရှိ၊ တောင်ယာ(၁)ကေ ၊ တစ်ချို့က တောင်ယာလုံးဝ မရှိ ။ထရံအိမ် ၊ပျဉ်ထောင်အိမ် ၊တစ်ချို့သော ဆိုင်ကယ်တစ်စီး ရှိ ၊ သားသမီး များကို  ကြွေးယူပြီး ကျောင်းထားသော အိမ်ထောင်စုများကို သတ်မှတ်ကြပါသည်။ နွမ်းပါးအဆင့် ရှိသော အိမ်ထောင်စုများသည် ငွေရေးကြေးရေး အဆင်မပြေသော်လည်း သားသမီး ပညာရေးကို ဦးစားပေး ကြသည်။

နွမ်းပါးရခြင်း၏ အကြောင်းမှာ ကလေးများခြင်း ၊ ကျန်းမာရေးပြဿနာဖြေရှင်းနေရခြင်း ၊ပုံမှန် ဝင်ငွေနှင့် အလုပ်အကိုင်မရှိခြင်း ၊ လယ်ယာပိုင်ဆိုင်ထားမှုမရှိခြင်း တို့ကြောင့် ဖြစ်ပါသည်။ နွမ်းပါးသော အိမ်ထောင်စုများသည် နေ့စားလိုက်ခြင်း ၊ကျပန်း အလုပ်လုပ်ခြင်း ၊နွားကျောင်းခြင်း တို့ဖြင့်  မိသားစု စားဝတ်နေရေး တို့ကို ဖြေရှင်းကြရပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | ဧပြီ | မေ | ဇွန် | ဇွန်လိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | | ပြောင်း၊ | စပါးစိုက် | | | | စပါးရိတ်သိမ်း | | | | | |
| ဝင်ငွေ($)/ထွက်ငွေ(#) | $$ / # | ## | ### | ### | $ / ### | $ / # | $ / ## | $$$ / ## | $$$ / ### | $$$ / # | $$$ / # | $ / # |
| ကျန်းမာရေး | | | တုပ်ကွေး | | | | | | | | ဝမ်းပျက်<br>ဝမ်းလျှော | |
| ပွဲလမ်းသဘင် | | | | | | | | သချိုင်းပွဲ | ခရစ်စမတ်ပွဲ | | မင်္ဂဆောင်ပွဲ | |
| သောက်သုံးရေရရှိမှု | လုံလောက်မှုမရှိ ⟷ | | | ရေများလုံလောက်မှုရှိ ⟷ | | | | | | | လုံလောက်မှုမရှိ ⟷ | |
| အစားအစာဖူလုံမှု | | | | | | | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား- ၂၄ ဦး

မ- ၃၆ ဦး

မှတ်တမ်းတင်သူ

အမည်=ဦးကာပြေးလယ်

ရာထူး=လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန် ဆန်းစစ်ချက်

ဆောင်ကန်းကျေးရွာသည် စပါး၊ပြောင်း ၊ ပဲစင်းငုံကို အဓိက အသက်မွေးဝမ်းကြောင်းအဖြစ် လုပ်ကိုင် စားသောက်ကြသည်။ ၎င်းတို့ကို ရိတ်သိမ်းပြီးချိန်တွင် တစ်ချို့သော အိမ်ထောင်စုများက ကြက်သွန်နီ / ဖြူ များလည်း စိုက်ပျိုးတတ်ကြသည်။ တစ်ချို့က လက်သမား ၊ ပန်ရံသမားများ အလုပ်ကို လုပ်ကိုင်ကာ အပိုဝင်ငွေ ရှာတတ်ကြသည်။ တစ်ချို့သော အိမ်ထောင်စုများက မွေးမြူရေး အနေဖြင့် နွား ၊ ဝက် ၊ ကြက် တို့ကို မွေးမြူပြီး ၎င်းတို့ကို အပိုဝင်ငွေအနေဖြင့်လည်းကောင်း ၊ လုပ်ငန်းအရင်းအနှီး အနေဖြင့်သော်လည်းကောင်း ၊ အကြွေးဆပ် ရန်အတွက် သော်လည်းကောင်း ၊ သာရေး/နာရေး အတွက်သော်လည်းကောင်း ရောင်းချအသုံးပြုကြသည်။

ရာသီကူးပြောင်းချိန်နှင့် မိုးရာသီချိန်တွင် ဝမ်းပျက်ဝမ်းလျှော ၊ တုတ်ကွေးရောဂါများ အပြင် နာစေး ၊ ချောင်းဆိုးရောဂါများလည်း ဖြစ်ပွားတတ်ပါသည်။ နွေရာသီတွင် သောက်သုံးရေ လုံလောက်မှုနည်းပါးသည်။ တစ်ချို့သော အိမ်ထောင်စုများသည် ကိုယ်ပိုင်ရေတွင်းများဖြင့် သောက်သုံးရေမလုံလောက်သော အခြေအနေ တွင် ကျေးလက်ဦးစီးမှ ထောက်ပံ့ပေးထားသော အများပိုင်ရေတွင်းသို့ သွားရောက်ခပ်ယူအသုံးပြု ကြရ သည်။ မိုးရာသီချိန်တွင် ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် လမ်းများ ပျက်စီးကာ သွားလာရန် ခက်ခဲ ၊ ကျန့်ကြားမှုများ ကြုံတွေ့နေရသည်။ရာသီဥတု ဖောက်ပြန်မှုနှင့် ကြုံတွေ့ရသော အခါ စိုက်ပျိုးရေး မလုံလောက်သောကြောင့် သီးနှံအထွက်လျော့နည်းလာကာ မိသားစုဝင်ငွေ ကျဆင်းလာပြီး စားဝတ်နေရေး မပြေလည်မှုများနှင့် ကြုံတွေ့နေရပါသည်။

ဝင်ငွေများအနေဖြင့် အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးသော စပါး ၊ပြောင်း ၊ ပဲစင်းငုံများ ရိတ်သိမ်းပြီးသော အချိန်ဝင်ငွေများ ရရှိကြပြီး တဖန်စိုက်ပျိုးရာသီတွင် အရင်းအနှီးများ များစွာ အသုံးပြုရ သောကြောင့် ထွက်ငွေများသော အချိန်ဖြစ်သည်။ဆောင်ကန်းကျေးရွာနေ ရွာလူထုများအနေဖြင့် မတ်လနှင့် ဧပြီလတွင် အလုပ်ပါးသော အချိန်ဖြစ်သည်။ ထိုအချိန်တွင် ထင်းခွေခြင်း ၊ ကျပန်းအလုပ်များလုပ်ကိုင်ခြင်း နှင့် ပန်းရံ ၊လက်သမား အလုပ်များ ဝင်ရောက်လုပ်ကိုင်ကြသည်။

ပွဲလမ်းသဘင်အနေဖြင့် ဧပြီလတွင် ပါစကားပွဲ (ဘာသာရေးပွဲ) ၊ နိုဝင်ဘာလတွင် သင်္ချိုင်းကုန်း မီးထွန်း ပွဲနှင့် ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပကြသည်။

# ပိုင်ဆိုင်မှုအရင်းအမြစ်ထိန်းချုပ်မှုပြဇယား

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| စာကြည့်တိုက် | အပ်ချုပ်စက် | စက်ဘီး |
| ထော်လဂျီ | | မူကြိုကျောင်း |
| လမ်း | | လယ်ယာ |
| တံတား | | ဖုန်း |
| စပါးချွေစက် | | စပါးကျီ |
| မြက်ရိတ်စက် | | အုတ်ရိုက်စက် |
| ကိုင်းရှည် | | စာကြည့်တိုက် |
| သစ်၊ဂါး | | အိမ်သာ |
| | | ရေတွင်း |
| | | ရေချိုးခန်း |
| | | TV |


# ပိုင်ဆိုင်မှုအရင်းအမြစ်သုံးစွဲမှုပြဇယား

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| မြက်ရိတ်စက် | အပ်ချုပ်စက် | စက်ဘီး |
| ကိုင်းရှည် | | ဆိုင်ကယ် |
| | | စပါးချွေစက် |
| | | ထော်လာဂျီ |
| | | ဘော်လုံးကွင်း |
| | | ဘုရားကျောင်း |
| | | စာသင်ကျောင်း |
| | | မူကြိုကျောင်း |
| | | လမ်း၊တံတား |
| | | အိမ်သာ |
| | | အုတ်ရိုက်စက် |
| | | စပါးဂိုဒေါင် |
| | | TV |

# ပိုင်ဆိုင်မှုဆန်းစစ်ချက်

အရင်းအမြစ်သုံးစွဲမှုရှိသည့်အချက်မှာ ကျေးရွာရှိ အရင်းအမြစ်အများစုသည် အမျိုးသားနှင့် အမျိုးသမီး တို့က  အတူတကွအသုံးပြုကြပါသည်။ အမျိုးသမီး သီးသန့်သုံးစွဲသော အရင်း အမြစ်များမှာ - ကိုင်းရှည် ၊ မြက်ရိတ်စက်ဖြစ်ပြီး အမျိုးသမီးသီးသန့် သုံးစွဲသော အရင်းအမြစ်မှာ အပ်ချုပ်စက်ဖြစ်ပါသည်။ အရင်းအမြစ် ထိန်းချုပ်မှုမှာလည်း အများအားဖြင့် အမျိုးသား နှင့် အမျိုးသမီး အတူတကွထိန်းချုပ်ထားကြပါသည်။ တစ်ချို့သော အရင်းအမြစ်များသည် အမျိုးသမီးများနှင့် မသင့်တော်ခြင်းနှင့် အမျိုးသမီး မထိန်းချုပ်တတ်သော ကြောင့် အမျိုးသားများသာ ထိန်းချုပ်ထားပါသည်။ ၎င်းအရင်းအမြစ်များသည် ထော်လဂျီ ၊ ပစိမ်းခေါင်း ၊ ကိုင်းရှည် ၊ မြက်ရိတ်စက် ၊ စပါးချွေစက် ၊ ဘော်လုံးကွင်းတို့ဖြစ်ပါသည်။ အမျိုးသမီးသီးသန့် ထိန်းချုပ်ထား သော အရင်းအမြစ်မှာ အပ်ချုပ်စက် တစ်မျိုးသာဖြစ်ပါသည်။ အမျိုးသမီးများ သီးသန့်သုံးစွဲသော အရင်းမြစ် ကို အမျိုးသားများက ထိန်းချုပ်ခဲ့လျှင်လည်း မည်သည့် ပြဿနာ ၊ အလျောက်ကယက်မှု မဖြစ်ပေါ်နိုင်ပါ။ အကြောင်းမှာ အမျိုးသမီး မထိန်းချုပ်နိုင် ၊ မထိန်းချုပ်တတ်သော အရာများကို အမျိုးသားများက ထိန်းချုပ် တတ်သောကြောင့် ဖြစ်ပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




**ပါဝင်ဆွေးနွေးသူ**

ကျား- ၂၄ ဦး

မ- ၃၆ ဦး

**မှတ်တမ်းတင်သူ**

အမည် ဦးကာပြေးလယ်

ရာထူး လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ်ဆန်းစစ်ချက်

အိမ်မှုကိစ္စတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပါဝင်လုပ်ဆောင်မှု နည်းပါး နေသည်။ အကြောင်းမှာ အမျိုးသားများက မိသားစုဝင်ငွေအတွက် လုံးပန်းနေ ရသောကြောင့်ဖြစ်သည်။ အမျိုးသမီး များအနေဖြင့် လည်း အိမ်မှုကိစ္စရေးရာတွင် ၎င်းတို့၏ တာဝန်ဝတ္တရားတစ်ခုအဖြစ် ရှေးယခင်က လက်ခံ ကျင့်သုံးလာသော အယူတစ်ခုကို ယနေ့ထက်တိုင် လက်ခံနေခြင်းကြောင့် ဖြစ်သည်။

ဆုံးဖြတ်ပိုင်ခွင့်တွင် အိမ်တွင်း၌ အမျိုးသား ၊သမီး တန်းတူဆုံးဖြတ်ပိုင်ခွင့် ရှိသော်လည်း ရပ်ရေးရွာရေး တွင်သော်လည်းကောင်း ၊လူမှုရေးတွင်သော်လည်းကောင်း အများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များတွင် အမျိုးသားများသာ ဆုံးဖြတ်တတ်ကြသည်။ အကြောင်းမှာ အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ကို အမျိုးသားကဲ့သို့ အများက လက်ခံမှု အားနည်းသော ကြောင့် ဖြစ်သည်။

ပညာသင်ယူခွင့်တွင် အမျိုးသား နှင့် အမျိုးသမီးများသည် တန်းတူအခွင့် အရေးရသော်လည်း အမျိုးသားများသည် အမျိုးသမီးကဲ့သို့ ကြိုးစားခြင်း မရှိခြင်း ၊ဇွဲ ၊လုံ့လ ၊ဝီရိယ အားနည်းခြင်းကြောင့် အမျိုးသမီး များထက် ပညာရေးတွင် ပို၍ နိမ့်ကျခဲ့ရသည်။


အမျိုးသားများသည် အလုပ်ကြမ်းပို၍ လုပ်နိုင်သောကြောင့်နှင့် အမျိုးသမီးမျာသည် အိမ်မှုကိစ္စတွင် ပိုလုပ်နေရသဖြင့် ဝင်ငွေရှာရာတွင် အမျိုးသားများ ပို၍ရှာနိုင်သည်။

အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှုအားနည်းခြင်း၊ ဘေးအန္တရာယ်များ ခုခံမှု အားနည်း ခြင်းတို့ ကြောင့် အမျိုးသားများကဲ့သို့ လုံခြုံမှုမရှိပါ။ ဆောင်ကန်းကျေးရွာသည် မည်သည့်အလုပ်တွင်မဆို ယခင်ကတည်းက အမျိုးသားနှင့် အမျိုးသမီး လုပ်အားခကို တန်းတူ ပေးချေခဲ့ကြသည်။

အမွေရပိုင်ခွင့်တွင် အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ခံစားခွင့်ရှိသည်။ အကြောင်းမှာ ကယန်းလူမျိုးများသည် ရှေးအယူအဆအရ အမွေနှင့် ပက်သက်လျှင် အမျိုးသား များသာ ခံစားခွင့် ရှိခြင်း ကြောင့်ဖြစ်သည်။

ကျေးရွာတွင် အစည်းအဝေးသော်လည်းကောင်း ၊ အသိပညာပေးသင်တန်း နှင့် အခြား ဆွေးနွေးပွဲများ တွင်လည်းကောင်း ပါဝင်ဆွေးနွေး ဆုံးဖြတ်ပိုင်ခွင့်ပေးခြင်းအားဖြင့် အမျိုးသမီး များ၏ စွမ်းရည်မြင့်တက်လာနိုင် မည်။

## အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




| ပါဝင်ဆွေးနွေးသူ | မှတ်တမ်းတင်သူ |
|---|---|
| ကျား - ၃၄ ဦး | အမည် - ဦးကာဖြေးလယ် |
| မ - ၁၈ ဦး | ရာထူး - လူထုစည်းရုံးရေးမှူး |

# ဗင်ပုံစံ ဆန်းစစ်ချက်

ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာအတွင်းတွင် ဖွဲ့စည်းထားသော အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ကျေးရွာ၏ လူမှုရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အဓိကဦးဆောင်ပါသည်။ World Vision အဖွဲ့ သည် ကလေးသူငယ်၏ ကျန်းမာရေး ၊ ပညာရေး နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။

ကျန်းမာရေးအဖွဲ့သည် တစ်လတစ်ကြိမ် ကလေးပေါင်ချိန်ချိန်ပေးခြင်း ၊ အကယ်၍ ကလေး ပေါင်ချိန် လျော့ကျပါက လိုအပ်သော ဆေးဝါးများကို ထောက်ပံ့ပေးပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့သည် ကျေးရွာအတွက် သောက်သုံးရေ ဖူလုံရန်အတွက် ရေတွင်းတူးဖော် ထောက်ပံပေးပါသည်။

CAအသင်း ၊ သံတာအားနာအသင်း ၊ မယ်တော်သမီးအသင်းနှင့် လူငယ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေး ၊ နာရေး လုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြပါသည်။

CDG ( ဖွံ့ဖြိုးရေး အဖွဲ့) သည် ကျေးရွာ၏ လိုအပ်ချက်များကို ဌာနဆိုင်ရာများ အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်ကြသည်။

သူငယ်တော် ယေရှုအသင်းသည် ကျေးရွာသန့်ရှင်းရေးအတွက် နှစ်ပတ်တစ်ကြိမ် တစ်ရွာလုံး လည်ပတ်ကာ အမှိုက်ကောက်သိမ်းကြပါသည်။ သာရေး ၊နာရေး နှင့် ဘာသာရေးတွင်လည်း ပါဂ်လုပ်ဆောင် ကြပါသည်။

CDDအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် လမ်း ၊တံတားများသာမက ကျေးရွာလူထု အသိပညာ ဗဟုသုတကိုလည်း ထောက်ပံပေးပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ဦးဖရိုက်

၂။ဒေါ် မအေး

**စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ**

၁။ဦးမာရ်ကို

၂။ဒေါ် မူကြာ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ဦးမောင်ထေး

၂။ဒေါ် ဂါးနာ

**ဂယ်ယူရေးကော်မတီ**

၁။ဦးကာပြေလယ်

၂။ဒေါ် ဘီး

**ကျေးရွာစေတနာ့ဂန်ထမ်း**

၁။ဦးနီကောလတ်

၂။ဒေါ် မြင့်မိုး

**ဂေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့**

၁။ဦးလှစိုင်း

၂။ဒေါ် အာဆွန်းတာ

**ငွေစာရင်းကိုင်**

၁။ဒေါ် ကလားရာ

ပါဂင်ဆွေးနွေးသူ

ကျား- ၂၄ဦး

မ - ၃၆ဦး

မှတ်တမ်းတင်သူ

အမည် - ဦးကာပြေလယ်

ရာထူး - လူထုစည်းရုံးရေးမှူး

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာအုပ်စုစီထောက်ကော်မတီဥက္ကဌ**

၁။ဦးပေတြူ

၂။ဒေါ် လှိုးဇာ

**ဘဏ္ဍာရေးဆပ်ကော်မတီ**

**ဥက္ကဌ**

၁။ဦးဖရိုက်

**စာရင်းကိုင်**

၁။ဦးအန်တောညို

**အဖွဲ့ဝင် (ငွေထိန်း)**

၁။ ဦးမောင်လုံ

**အုပ်စုကော်မတီအဖွဲ့ဝင်များ**

၁။ဦးထွန်းအေး

၂။ဦး အောင်ကျော်ဌေး

၃။ ဒေါ်မအေး

၄။ ဒေါ်မရိယာမူသိ

၅။ ဒေါ်နန်းခမ်းလီ

၆။ဒေါ် ငယ်လေး

၇။ ဒေါ်နနငယ်

ပါဝင်ဆွေးနွေးသူ

ကျား- ၁၉ မ- ၈ မှတ်တမ်းတင်သူအမည် - ဦးကာပြေလယ် ရာထူး- လူထုစည်းရုံးရေးမှူး

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမောင်အို | 09-428004850 | ဦးကာဖြူးလယ် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ကျုံးသာ | ကျေးရွာ ဒေါင်ကျုး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကယန်း--- | ၇၉ အိမ် | ဘာသာ (၁) ---ခရစ်ယာန်--- | ၇၈ အိမ် |
| လူမျိုးစု (၂) ---ဗမာ--- | ၁၃ အိမ် | ဘာသာ (၂) ---ဗုဒ္ဓ--- | ၁၆ အိမ် |
| လူမျိုးစု (၃) ---ရှမ်း--- | ၂ အိမ် | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------------- | | ဘာသာရော ------------ | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၈ ယောက် | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၃၉ | ၂၂၀ |
| လူမျိုးစု (၁)---ကယန်း--- | ၂၀၉ | ၁၈၄ |
| လူမျိုးစု (၂)---ဗမာ--- | ၂၇ | ၃၃ |
| လူမျိုးစု (၃)---ရှမ်း--- | ၃ | ၃ |
| | | |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၉၀ | ၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း   ကတ္တရာလမ်း ✓   ကွန်ကရစ်လမ်း   မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း   မြေသားလမ်း   လူသွားလမ်း   အခြား ____

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2009/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.17 မိုင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် --၃ မိနစ်-- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် --------၃ မိနစ်---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) World Vision, CDC ကော်မတီ

(၂) ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်လျော့ချရေးကော်မတီ

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဖေအောင်ဒင်

လက်မှတ် [signature] နေ့စွဲ ၁၉.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးကာမြေလယ်

လက်မှတ် [signature] နေ့စွဲ ၁၉.၁၀.၂၀၁၇

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
|---|---|---|---|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးကောရွှေလယ် | | | | | | |
| နေ့စွဲ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဆိုင်ကော် | ကျေးရွာအုပ်စု | ကန်းသာ | ကျေးရွာ | ဆောင်ကန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.10.17 | 19.10.17 | ၂၄ | ၃၆ | ၆၀ | ကယန်း (၅၃)<br>ဗမာ (၆)<br>ရှမ်း (၁) |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 19.10.17 | 19.10.17 | ၂၄ | ၃၆ | ၆၀ | ကယန်း (၅၃)<br>ဗမာ (၆)<br>ရှမ်း (၁) |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၈.၁၁.၁၇ | ၈.၁၁.၁၇ | ၁၉ | ၈ | ၂၇ | ကယန်း (၂၂)<br>ပအိုဝ်း (၅) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကာမြေးလယ် | | | | | |
| နေ့စွဲ ၁၉.၁၀.၂၀၁၇ | | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) √ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | | ကျေးရွာအုပ်စု ကုန်းသာ | | ကျေးရွာ ဆောင်ကမ်း |

က။ **အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | - ကလေးဘက်စုံဖွံ့ဖြိုးရန် အားကစား မပြုလုပ်နိုင်ခြင်း | ၁ √ | - မိုးကာလတွင် သွားလာရန် ခက်ခဲခြင်း |
| ၂ | - မူကြိုနေကလေး ပါဝင်မှု နည်းပါးခြင်း | ၂ | - အချိန်မှီ မကုသနိုင်ခြင်း |
| ၃ √ | - မိုးကာလတွင် သွားလာရန် ခက်ခဲခြင်း | ၃ | - ခြင်များကြောင့် သွေးလွန်တုပ်ကွေး ရောဂါ အဖြစ်များခြင်း |
| ၄ √ | - ကျောင်းနေကလေး ပါဝင်မှု နည်းပါးခြင်း | √ ၄ | - မှန်မှန် ဝင်ငွေ မရှိခြင်း |
| ၅ | - နေ့ကာလတိုင်း အာဟာရပြည့် စားသောက်မှု မပြုလုပ်နိုင်ခြင်း | √ ၅ | - ကျောင်းနေကလေး ပါဝင်မှု နည်းပါးခြင်း |
| ၆ | - ကျောင်းဆရာ ပါဝင်မှု အားနည်းနေခြင်း | ၆ | - ကလေးများ တချို့ကျောင်းသွား သင်ကြားနိုင်ခြင်း |
| ၇ | - စိုက်ပျိုးရေ မလုံလောက်ခြင်း | ၇ | - သောက်သုံးရေ မလုံလောက်ခြင်း |
| ၈ √ | - စားဝတ်နေရေး အဆင်မပြေခြင်း | ၈ | |
| ၉ | - မိုးကျခြင်းကြောင့် သီးနှံ အထွက်နှုန်း နည်းခြင်း | ၉ | |
| ၁၀ | - မျှော်မှန်းသော သီးနှံဈေး မရခြင်း | ၁၀ | |

ခ။ **မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | - ကလေးများ ကောင်းမွန်စွာ ကစားနိုင်ရန် | ၁ | - လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရန် |
| ၂ | - မူကြိုနေကလေးများ စိတ်ပါ ပါဝင်မှုရှိလာရန် | ၂ | - အချိန်မှီ ကုသနိုင်ရန် |
| ၃ | - မိုးကာလ ချိန်တွင် ချောမွေ့စွာ သွားလာနိုင်ရန် | ၃ | - ရောဂါများ လျော့နည်းကင်းစင်လာရန် |
| ၄ | - ကျောင်းနေကလေးများ စိတ်ပါ ပါဝင်မှုရှိလာရန် | ၄ | - အလုပ်အကိုင်အခွင့်အလမ်း ရရှိရန် |
| ၅ | - နေ့ကာလတိုင်း အာဟာရပြည့်စွာ စားသောက်မှု ပြုလုပ်နိုင်ရန် | ၅ | - ကျောင်းနေကလေး စိတ်ပါ ပါဝင်လာရန် |
| | - ကျောင်းဆရာ ပါဝင်မှု ကောင်းနေနိုင်ရန် | ၆ | - ကလေးများ တက်ကျောင်းသွားသင်ကြားနိုင်ရန် ပါဝင်သော |
| | - စိုက်ပျိုးရေ လုံလောက်စွာ ရရှိရန် | ၇ | သင်ထောက်ကူပစ္စည်းများ ထားရှိပေးရန် |
| | - စားဝတ်နေရေး အဆင်ပြေလာရန် | ၈ | - သောက်သုံးရေ ဖူလုံလာရန် |
| | - စိုက်ပျိုးနည်းပညာ သိရှိရန် ၊ ပါဝင်သော | ၉ | |
| | ပိုးမွှား သုတ်သင်ဆေး ရရှိရန် | ၁၀ | |

- မျှော်မှန်းသော သီးနှံဈေး ရရှိလာခြင်း

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လမ်း၊တံတား ပြုပြင်ခြင်း၊ | အမျိုးသား + အမျိုးသမီး | | |
| ၂ | ခန်းမဆောင် ပြုပြင်ခြင်း၊ | အမျိုးသား | | |
| ၃ | စာသင်ကျောင်း ခြံစည်းရိုး ခတ်ခြင်း၊ | အမျိုးသား + အမျိုးသမီး | | |
| ၄ | ဘုန်းကြီးကျောင်း ခြံစည်းရိုး ခတ်ခြင်း၊ | အမျိုးသား | | |
| ၅ | ကျောင်းအားကစားကွင်း၊ | အမျိုးသား | | |
| ၆ | သင်္ချိုင်းမှာ အုတ်တံတိုင်းဆောက်ခြင်း၊ | အမျိုးသား | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | - စိုက်ပျိုးနည်းပညာသင်တန်း | အမျိုးသား | |
| ၂ | - ပိုးသတ်ဆေး ထုတ်ပေးခြင်း | အမျိုးသား | |
| ၃ | - ကျောင်းသင်ထောက်ကူပစ္စည်း | အမျိုးသမီး | |
| ၄ | - အလုပ်အကိုင်အခွင့်အလမ်း | အမျိုးသမီး | |
| ၅ | - ဆေးဝါးနှင့်ဆေးပေးခန်း ထောက်ပံ့ပေးခြင်း၊ | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦး[illegible]--- လက်မှတ် --- [signature] --- နေ့စွဲ --- ၁၉ . ၁၀ . ၂၀၁၇

"ကန့်ဘလာကျေးရွာအုပ်စု ဆောင်ကန်းကျေးရွာ ပထမအကြိမ် နှင့် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး ပြုလုပ်ခြင်း"

ရက်စွဲ ။ ၁၉.၁၀.၂၀၁၇

နေရာ ။ ကျေးရွာဝန်းမဆောင်

အစည်းအဝေးအစီအစဉ်

၁။ အဖွင့်ဆောင်ရွက်ခြင်း နှင့် ကျေးရွာစီ/တောက်ဥက္ကဋ္ဌမှ အမှာစကား ပြောကြားခြင်း။

၂။ စီမံကိန်း မိတ်ဆက်ခြင်း

၃။ " ဆက်ဝန်း ပြန်လည် ရှင်းလင်းတင်ပြခြင်း

၄။ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ပြန်လည် အတည်ပြုခြင်း နှင့် ရွေးချယ်ခြင်း။

၅။ လူမှုဆန်းစစ်ချက်များ ကို ပြန်လည်သုံးသပ်ခြင်း

၆။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည် ဆန်းစစ်ခြင်း နှင့် အတည်ပြုခြင်း။

၇။ အကာအကွယ်များ၊ အကျုံးဝင်/မဝင် စီမံကိန်းလုပ်ငန်းများ ပြန်လည် ရှင်းလင်းတင်ပြခြင်း။

၈။ အစည်းအဝေး ပိတ်သိမ်းခြင်း။

စီအစဉ်ပါ ကျေးရွာစီ/တောက်ဥက္ကဋ္ဌ ဦးဖရိုက်မှ အဖွင့်အမှာစကားပြော

ကြားခြင်း၊

- ယခင်နှစ် စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ဒုတိယဆုရခဲ့ကြောင်း၊
- လူထုပါဝင်မှု ရှိသောကြောင့်
- ယခုနှစ်မှာ စီမံကိန်းလုပ်ငန်းကို လုပ်ငန်းခွဲ ၅ ပုံငွေကို ဦးစားပေးလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းအတွက် ရံပုံငွေ ပမာဏ ပိုမိုရရှိရန်၊ ထိရောက်သောလုပ်ငန်းရရှိရန်၊ လုပ်ငန်းအရည်အသွေး ပိုမိုကောင်းမွန်လာစေရန်အတွက် ဦးစားပေးကျေးရွာကို မဲနှိုက်ခြင်း အစီအစဉ်ရေးဆွဲသွားခဲ့ကြောင်း၊
- ဒုတိယနှစ်မှာ ကုန်းသာ၊ ဝါးခောင်၊ သရက်ပင်ရွာတို့ လုပ်ငန်းဆောင်ရွက်သွားရမှာဖြစ်ပြီး တတိယနှစ်မှာ ဆောင်ကန်း၊ ပီကင်းကော့ဇူ၊ ဝါရိုကော့ဇူရွာတို့မှ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- ယခုနှစ်မှာ လုပ်ငန်းဆောင်ရွက်သွားသော ကျေးရွာများကို နားလည်ပေးရန်လိုကြောင်း၊
- စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်သော အစည်းအဝေးများကိုလည်း တိုင်းရင်းသားလူနည်းစု (ရှမ်း/ပမာ) တွေလည်း ပါဝင်တက်ရောက်ပြီး ဝိုင်းဝန်းဆွေးနွေးပေးရန် လိုအပ်ကြောင်း၊
- စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း တက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင်စေလိုကြောင်း၊
- ယခုအစည်းအဝေးတွင် ကယန်း၊ ပမာ၊ ရှမ်း၊ လူမျိုးစုများ စုံလင်စွာ တက်ရောက်လာကြတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊
- တတိယနှစ် စီမံကိန်းစက်ဝန်းမှာလည်း တက်တက်ကြွကြွ ဆက်လက်ပါဝင်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး၊ နိဂုံးချုပ်ပါသည်။

စေတနာ့ဝန်ထမ်း (က) = ဦးနီကောလက်

(ခ) = ဒေါ်မြင့်မိုး၊

ကျေးရွာငွေစာရင်းကိုင် (ခ) = ဒေါ်ကလားရာ

* ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တွင် တခြားတိုင်းရင်းသားများလည်း မိမိတို့
ရှိရင်းအဆိုပြုတင်သွင်းနိုင်ကြောင်း
မှဆက်ကပ်လိုစိတ်ရှိသူများအတွက်ခွင့်ရွက် ပေးစေလိုစိတ်၊ ရွာတွင်းမှာရှိသော
တိုင်းရင်းသားလူမျိုးစုကို ရုံးလင်ဖွာ ပါဝင်စေလိုကြောင်း၊ ကျား-မ ကျား ကိုယ်စား
အခွင့်အရေး ရသည်ဖြစ်ကြောင်း လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်း
ပညာမှူးတို့မှ ရှင်းလင်းပြောကြားသွားခဲ့ပါသည်၊

* ကျေးရွာစီ/ထောက် ဥက္ကဋ္ဌမှ ဦးဖရိုက်မှ ကော်မတီဖွဲ့ရာတွင်နာမည်
ပေးရုံသာမက အချိန်ပေးနိုင်ရမယ်၊ စိတ်ထားရမယ်၊ စေတနာထားပြီးဆောင်
ရွက်ပေးရမည်ဖြစ်ကြောင်း ထပ်မံပြီး ရှင်းလင်းပြောကြားခဲ့ပါသည်။

* ဒီကိုယာနှစ် ဇက်လန်တွင် ကော်မတီဖွဲ့စည်းရာတွင် ပါဝင်အဆိုပြုခြင်း၊
နှင့် ရွေးချယ်ခြင်းတွင် ဖူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း နှင့် ယခုနှစ်တွင်
ပြုလုပ်သောအစည်းအဝေးကို တက်ရောက်ပါမည်ဖြစ်ကြောင်း ဆွေးနွေးသွားခဲ့ပါ
သည်။

* ကျေးရွာစီ/ထောက် ဥက္ကဋ္ဌမှ ဦးဖရိုက်မှလည်း၊ အစည်းအဝေး ပြုလုပ်
မို့ ဖိတ်ကြားရာတွင် သက်ဆိုင်ရာ ဆယ်အိမ်မှူး နှင့် ဖိတ်ကြားပေးသွားမည်ဖြစ်ကြောင်း
နှင့် တစ်အိမ်တက် တစ်အိမ်ဆင်း ဖိတ်ကြားသွားမည်မဟုတ်ကြောင်း ပြော
ကြားခဲ့ပါသည်။

အပိုအစဉ် (၅၁)။ "လူမှုဆန်းစစ်ချက်များ ပြန်လည်သုံးသပ်ခြင်း"

(က) လူမှုအရေးအဖြစ်ပြဇယား ပြန်လည်သုံးသပ်ချက်

- အိမ်ခြေ (၉၆)၊ အများစုက ခရစ်ယာန်ဘာသာကိုးကွယ်ကြသည်။
- လူမျိုးခြား (၁၄ အိမ်)၊ (ရှမ်း / ဗမာ)၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။
- တစ်ရွာလုံး တောင်ယာ၊ လယ်ယာ အသက်မွေးဝမ်းကြောင်း ပြုလုပ်ဆောင်ရွက်ကြသလို လက်သမား၊ ကျပန်း၊ စျေးဆိုင်ရောင်း၊ ဝန်ထမ်း (၅၁ ဦး) တို့လည်း ရှိကြသည်။
- CDD မှ ကျောက်ချောလမ်း တစ်လမ်းနှင့် ဒိုင်းတံတား၊ ဆင်း ပြုလုပ်ဆောင်ရွက်ထားခဲ့ပြီး ကျန်ရှိသောလမ်းများ မြေသားလမ်းသာ ရှိနေသေးသည်။
- ကျန်ရှိသောအချက်များသည် ပြောင်းလဲမှုမရှိခဲ့ပါ။ (ယခင်နှစ်အတိုင်းသုံးသပ်ချက်)

(ခ) ရာသီခွင်ပြက္ခဒိန် ပြန်လည်သုံးသပ်ချက်

- စိုက်ပျိုးရေး (ဇန်နဝါရီ → ကြက်သွန်ဖြူစိုက်၊ ဧပြီ → ကြက်သွန်ဖြူနုတ်၊ မေ၊ဇွန် → ပြောင်းစိုက်၊ ဩဂုတ် → ပဲပါးစိုက် (ဥယျ)၊ စက်တင်ဘာမှ အောက်တိုဘာ → ပြောင်းသိမ်း၊ နိုဝင်ဘာမှဒီဇင်ဘာ → ပဲပါးရိတ်)
- မွေးမြူရေး (ပြောင်းလဲမှုမရှိ)
- လက်သမား / ပန်းရံ ( " )
- ပွဲလမ်းသဘင် (တပေါင်းလ → ဧပြီလ → သင်္ကြန်၊ အောက်တိုဘာ → သီတင်းကျွတ်ပွဲ၊ အောက်တိုဘာ → တန်ဆောင်တိုင်ပွဲ၊ ကထိန်ပွဲ)
- ကျန်းမာရေး (ဖေဖော်ဝါရီ → ဝမ်းပျက်/လျှော၊ မေမှစက်တင်ဘာ → တုတ်ကွေး၊ အောက်တိုဘာ → ချောင်းဆိုး၊ နှာစေး)
- ပညာရေး (ပြောင်းလဲမှုမရှိ)
- ရာသီဥတု ( " )

- ဝင်ငွေ (ဇန်နဝါရီ မှ ဖေဖော်ဝါရီ → $$$ ၊ မတ်/ဧပြီ → $$ ၊ ဩဂုတ် မှ အောက်တိုဘာ → $ ၊ နိုဝင်ဘာ မှ ဒီဇင်ဘာ → $$$)

- ထွက်ငွေ (ပြောင်းလဲမှုမရှိ)

- ဈေးရှာ၊ ပါးမှု ၊ လမ်းပန်းဆက်သွယ်ရေး ၊ အားလပ်ချိန် တို့ မှာ ပြောင်းလဲမှုမရှိပါ။

## (ဂ) ဥတုရာသီ ကြောင့် ဝမ်းစာ အသား ပြန်လည်သုံးသပ်ချက်

- ချမ်းသာအခါ → ဆိုင်ကယ် ပျက်စီး မှာထက် ပိုင်ဆိုင်ထားတာ ထပ်တိုးလာ၊ အိမ်မြေ စတိုး + ကုန်စိုက်ပျိုး မတိုးလာပါ၊
- အလတ်အသင့် → ဆိုင်ကယ် ပျက်စီး မှာထက် ပိုင်ဆိုင်ထားတာ ထပ်တိုးလာ (အိမ်မြေ + % တိုးလာပါ)
- နွမ်းပါး → ဆိုင်ကယ် ပေါင်းတိုးလာတာ တွေ့ရ (အိမ်မြေ + % မတိုးလာ)
- နွမ်းပါးခြင်းရဲ့ အကြောင်းအရင်း → ယာဉ်စီးသွား၊ ကျန်းမာရေး၊ နေ့စားလိုက်ခြင်း ဖြင့်ဝင်းတာမှာ

## (ဃ) ပင့်ကူအိမ်ပြဇယားအား ပြန်လည်သုံးသပ်ခြင်း

- အိမ်မှုကိစ္စ (ကျား/မိန်းရေး၊ မ/ယောက်ျားရေး) → ပြောင်းလဲမှုမရှိ
- ဆုံးဖြတ်ပိုင်ဆိုင် (ပြောင်းလဲမှုမရှိ)
- ပညာရေး ( " ) ၊ အမျိုးသမီးများ စိတ်အားထက်သန်မှု ပိုများနေ
- ငွေရှာ ( " )
- ယုံကြည်မှု ( " )
- လုပ်အားခ ( " )
- အမွေရပိုင်ခွင့် ( " )
- ဦးဆောင်မှု ( " )

(ဂ) အဖွဲ့အစည်း ချိတ်ဆက်မှု ပြဿနာ ပြန်လည်သုံးသပ်ချက်

- ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့ ၊ ကျန်းမာရေး ၊ World Vision တို့သည် ရွာဖြစ်အဖွဲ့ /စည်း ဖြစ်
- CDD သည် ရွာဖြစ်အဖွဲ့/စည်း တစ်ခုအနေဖြင့် ထပ်တိုးလာ (CDD သည် ကျေးရွာအတွက် ရွာတွင်းလမ်း ဆောင်ရွက်ပေးသည်).
- တက်တိုး company သည် ဖြစ်မအဖွဲ့ /စည်း တစ်ခုအနေဖြင့် ထပ်တိုးလာ (စာသင်ကျောင်းအတွက် ရေသန့်စက်တစ်လုံးကို ယခုနှစ်တွင် ပံ့ပိုးကူညီပေးသည်။)

(ဃ) ပိုင်ဆိုင်မှု သုံးစွဲခြင်း နှင့် ထိန်းချုပ်ခြင်းကို ပြန်လည်သုံးသပ်ခြင်း

- ပိုင်ဆိုင်မှု သုံးစွဲပြဿနာ တွင် ပြောင်းလဲမှု မရှိပါ။
- " ထိန်းချုပ်ပြဿနာတွင်လည်း ပြောင်းလဲမှု မရှိပါ။

* လူမှုဆန်းစစ်ချက် များ ပြန်လည်သုံးသပ်ခြင်း များဆောင်ရွက်ရာတွင် လူထုစည်းရုံးရေးမှူး ဦးကာမြေးလယ် နှင့် လက်ထောက်နည်းပညာမှူး ဦးပါတဲလို မေးအိုး တို့မှ ဆောင်ရွက်ခဲ့ပါသည်။

အပိုင်း (ဇ) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြန်လည်ဆန်းစစ်ခြင်း နှင့် အတည်ပြုခြင်း

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အတည်ပြုခြင်း မလုပ်မီ ယခင်နှစ်၏ ပြဿနာ အကွက်/ခ ၊ မျှော်မှန်းချက် များကို ပြန်လည်သုံးသပ်ခဲ့ပါသည်။ အမျိုးသမီး အဖွဲ့များမှာ ပြောင်းလဲမှုမရှိသော်လည်း အမျိုးသားအဖွဲ့ မှာ ၂ချက် တိုးလာခဲ့ပါသည်။

အမျိုးသား အကွက်/ခ ၊ ပြဿနာ တိုးလာသော ၂ချက် မှာ ဝေါ်ရာသီပိုး များ ကျခြင်းကြောင့် သီးနှံအထွက်နှုန်း လျော့နည်းခြင်း နှင့် စိုက်ပျိုးရေးနည်းပညာ သင်တန်းပေးရုံသာမက ဆေးဝါးပစ္စည်းများ အသုံးပြုမှုနည်း / မရှိခြင်း ၊ အမျိုးသား၏ မျှော်မှန်းချက်တွင် သီးနှံများ အထွက်တိုးလာစေရန် နှင့် စိုက်ပျိုးရေး ဗဟုသုတ ၊ မျိုးကောင်း/သန့် ၊ ဆေးဝါးပစ္စည်းအသုံးပြုနည်းတွေ ရရှိလာစေရန် ဆွေးနွေးတင်ပြခဲ့ပါသည်။ ဦးတာပေ ဖွံ့ဖြိုးရေး

လုပ်ငန်းကို စိုက်ပျိုးရေး နည်းပညာ သင်တန်း နှင့် ဆေးဝါး ပစ္စည်း တွေ ကူညီပံ့ပိုး ပေးရန် တောင်းဆိုလာခဲ့ပါသည်။

အစီအစဉ် (၇) ။ ။ အစည်းအဝေး ပိတ်သိမ်းခြင်း။

အစည်းအဝေး ကို နေ့လည် (၁၂း၃၀) နာရီတွင် ပြီးမြောက်စွာ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ အစည်းအဝေး တက်ရောက်သူ ဦးရေမှာ

ကျား = ၂၄ ဦး၊
မ = ၃၆ ဦး၊

၆၀ ဦး၊ ဖြစ်ပါသည်။ ကယန်း / ဗမာ / ရှမ်း လူမျိုးတို့ ပါဝင်ပါသည်။

အစီအစဉ် (၈) ။ ။ အစည်းအဝေး ပိတ်သိမ်းခြင်း

အစည်းအဝေး ကို မပိတ်သိမ်းမီ မှတ်တမ်း ဓာတ်ပုံရိုက်ကူး ပြီး နေ့လည် (၁၂) နာရီတွင် အစည်းအဝေး ကို ပြီးမြောက်အောင်မြင်စွာ ပြုလုပ်ခဲ့ပါသည်။

ကျေးရွာစီ / တောက် ဥက္ကဋ္ဌ
ဦး ယဂိုက်

## ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | လမ်းတံတားပြုပြင်ခြင်း | မ ( √ )<br>ကျား( √ ) | | | |
| | ၂ | ခန်းမဆောင်ပြုပြင်ခြင်း | မ ( )<br>ကျား(√ ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာသင်တန်း | မ ( )<br>ကျား( √ ) | | | |
| | ၂ | မလုပ်ကိုင်အခွင့်လမ်း | မ (√ )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်းနှင့်ဆေးဂါး | မ ( √ )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | ကျောင်းခြံစည်းရိုးခတ်ခြင်း | မ (√ )<br>ကျား( ) | | | |
| | ၂ | မူကြိုကျောင်းခြံစည်းရိုးခတ်ခြင်း | မ ( )<br>ကျား( √ ) | | | |
| | ၃ | ဆရာမနေအိမ်ပြုပြင်ခြင်း | မ ( )<br>ကျား( √ ) | | | |
| | ၄ | ကျောင်းဆောင်တည်ဆောက်ခြင်း | မ ( √ )<br>ကျား( ) | | | |
| | ၅ | ကျောင်းသင်ထောက်ကူပစ္စည်း ရရှိမှု | မ ( √ )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်း အကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ (ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ (ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | လမ်းတံတားပြုပြင်ခြင်း | ၁ | | | ကျား+မ | |
| ၂။ | ခန်းမဆောင်ပြုပြင်ခြင်း | ၂ | ကျား | | | |
| ၃။ | စာသင်ကျောင်းခြံစည်းရိုးခတ်ခြင်း | ၃ | | | ကျား+မ | |
| ၄။ | မူကြိုကျောင်းခြံစည်းရိုးခတ်ခြင်း | ၄ | ကျား | | | |
| ၅။ | ကျောင်းအားကစားကွင်းပြုပြင်ခြင်း | ၅ | ကျား | | | |
| ၆။ | ဆရာမနေအိမ်ပြုပြင်ခြင်း | ၆ | ကျား | | | |
| ၇။ | စိုက်ပျိုးနည်းပညာပေးသင်တန်း | ၇ | ကျား | | | |
| ၈။ | ကျောင်းဆောင်တည်ဆောက်ခြင်း | ၈ | | မ | | |
| ၉။ | အလုပ်ကိုင်အခွင့်လမ်း | ၉ | | မ | | |
| ၁၀။ | ဆေးပေးခန်းနှင့်ဆေးဝါး | ၁၀ | | မ | | |
| ၁၁။ | ကျောင်းသင်ထောက်ကူပစ္စည်းများ | ၁၁ | | မ | | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား -၂၄

မ -၃၆

မှတ်တမ်းတင်သူ

ရာထူး ဦးကာပြေးလယ်

အမည် လူထုစည်းရုံးရေးမှူး

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



